Mr. Diijon DaCosta, Sr. ၊ *ဘုတ်အဖွဲ့ ဥက္ကဋ္ဌ*
Mrs. Deirdre P. Pierce, *ဒု ဥက္ကဋ္ဌ*
Mrs. Anna Hill
Mrs. Whitney McGinniss
Mrs. Allyson Gevertz
Mrs. Vickie B. Turner
Dr. Joyce Morley

DeKalb County School District
Dr. Devon Q. Horton, *အထူးကြီးကြပ်သူဌာနမှူး*

**လက်တလော သတင်းထုတ်ပြန်ချက်**

**ဆက်သွယ်ရန် -**
Donald Porter, *Ed.D.* 678-481-4110
Carla Parker 404-734-1717

ဇွန်လ 12 ရက်၊ 2024

## သာလွန်သော အရည်အချင်းရှိသူများအား ဆွဲဆောင်၊ ထိန်းသိမ်းထားနိုင်ရန်အလို့ငှာ သူ့ထက်ငါ မြင့်မားစွာ အပြိုင်အဆိုင်ဖြစ်သော ပေးလျော်မှု ပတ်ကေ့ဂျ်တွဲများအား DCSD မှ မိတ်ဆက်ကမ်းလှမ်းခဲ့

*Color of Success Summer Job Fair နွေရာသီ အလုပ်အကိုင်ပြပွဲ အား Columbia MS ၌ ဇွန်လ 13 ရက်၊ ကြာသပတေးနေ့တွင် ဆောင်ရွက်ခဲ့သည်။*

(STONE MOUNTAIN, GA) - DeKalb ကောင်တီကျောင်းခရိုင် (*DCSD*) သည်လည်း ပညာရေးတွင် အကောင်းဆုံးဖြစ်စေဖို့ ပျိုးထောင်ပေးရန် စိတ်နှစ်မြှုပ်ထားသော ထိပ်တန်းအဆင့် အရည်အချင်းရှိသူများအား အလုပ်ခန့်အပ်၊ ထိန်းသိမ်းထားနိုင်ဖို့ငှာ ဒီဇိုင်းရေးဆွဲထားသော ဝန်ထမ်းခန့်အပ်ရေး မက်လုံးများ နှင့် ညွှန်းဆိုလွှဲပြောင်းမှု ပရိုဂရမ် အစီအစဉ်များကို ဂုဏ်ယူစွာ ထုတ်ပြန်ကြေငြာခဲ့ပေသည်။ ကျွန်ုပ်တို့ ဝန်ထမ်းများ၏ သာလွန်ထူးခြားသော နှစ်မြှုပ်အားထုတ်မှုများအား ခိုင်မာစွာ အသိအမှတ်ပြု၊ ဆုချသည့်အနေနှင့်ငှာ DCSD သည် ဝန်ထမ်းများ စိတ်ကျေနပ်မှုရှိရေးအား မြင့်တင်ရန် နှင့် ကျွန်ုပ်တို့၏ မတူကွဲပြားစုံလင်သော ပညာရေး အသိုင်းအဝိုင်းအတွင်းသို့ အသစ်သော လုပ်ငန်းကျွမ်းကျင်သူများ ဝင်ရောက်လာစေဖို့ ဆွဲဆောင်ရန်အလို့ငှာ အလုံးစုံပါဝင်သော ပေးလျော်မှု မက်လုံးများအား ကမ်းလှမ်းပေးအပ်ခဲ့ပေသည်။

အထူးကြီးကြပ်သူဌာနမှူး Dr. Devon Q. Horton မှ ပြောကြားသည်မှာ DCSD သည် ကျွန်ုပ်တို့ ကျောင်းသားများအတွက် ပညာရေး နှင့် ပံ့ပိုးထောက်ပံ့မှု အရည်အသွေးများအား သိသာစွာ တိုးတက်လာစေရန် အားထုတ်ဆောင်ရွက်လျက်ရှိစဉ် တစ်ဖက်တွင်လည်း ဝန်ထမ်းများ၏ နှစ်မြှုပ်အားထုတ်မှုအား တန်ဖိုးထား၍ ပံ့ပိုးထောက်ပံ့မှုပြုသော၊ ဆုချီးမြှင့်မှုရှိသော အလုပ်ခွင်ပတ်ဝန်းကျင်အား ဖန်တီးပေးရန် ကတိကဝတ်ပြု အားထုတ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

"ကျွန်ုပ်တို့အနေနဲ့ အကောင်းဆုံးနဲ့ အတောက်ပဆုံး ကျောင်းခရိုင်တစ်ခုအဖြစ် ရွေးချယ်ခံရလိုပါတယ်၊" ဟု Dr. Horton မှ ဆိုသည်။ "ဒီအတွက် အဓိကအကျဆုံး အရာကတော့ လစာပဲ ဖြစ်တယ်ဆိုတာကို ကျွန်ုပ်တို့ နားလည်ပါတယ်၊ ဒါကြောင့် ဒီအပြိုင်အဆိုင်များတဲ့ အလုပ်ဈေးကွက်အတွင်းမှာ ကျွန်ုပ်တို့ရဲ့ ကတိကဝတ်ကို ပြသဖို့ တမင်ရည်ရွယ်ပြီး သက်မွေးဝမ်းကျောင်း အဆင့် အားလုံးအတွက် အလုံးစုံပါဝင်တဲ့ လျော်ကြေးပေးမှု ပတ်ကေ့ဂျ်တွဲကို ထည့်သွင်း မိတ်ဆက်ပေးခဲ့တာ ဖြစ်ပါတယ်။"

လုပ်သက်အတွေ့အကြုံ 0 သာ ရှိသည့် ပရော်ဖက်ရှင်နယ် အသိအမှတ်ပြုလက်မှတ်ရ ဆရာ၊ဆရာမ အသစ်တစ်ဦး၏ စတင်လစာသည် $60,000 ဖြစ်သည်။ *အသစ်ငှားရမ်းခန့်အပ်မှု မက်ကြေး* (အောက်ပါအား ကြည့်ရှုပါ) နှင့်အတူ FY25 အတွက် စုစုပေါင်း လစာသည် $62,500 သို့ တိုးမြှင့်သွားသည်။ ထို့ပြင် ခရိုင်သည် **2024-25 ဆရာ၊ဆရာမများ လစာ စာရင်း**ပေါ်ရှိ အဆင့် 6-16 အား တိုးမြှင့်သွားနိုင်ခြေရှိပေသည်။ ပန်းတိုင်မှာ အမှုထမ်းဟောင်း ဆရာ၊ဆရာမများအား ဆွဲဆောင်၊ ထိန်းသိမ်းထားနိုင်ရန် ဖြစ်သည်။

DCSD အနေနှင့် စာရင်းသွင်း ဘောနပ်စ်ကြေး $2,000 မှ $2,500 အား လက်ခံရရှိကြမည်ဖြစ်သည့် ဘတ်စ်ကား ဒရိုက်ဗာများ၊ လိုင်စင်မရှိသော အချိန်ပိုင်း ကျွမ်းကျင်သူများ၊ စာသင်ကျောင်း အရင်းအမြစ် အရာရှိများ၊ သူနာပြုများ နှင့် အခြားသော စီမံလည်ပတ်မှုပိုင်းဆိုင်ရာ အထူးကျွမ်းကျင်ပညာရှင်များတို့၏ တန်ဖိုးမဖြတ်နိုင်သော ထည့်သွင်းပါဝင်မှုများအား အသိအမှတ်ပြုပါသည်။

ဤသည်တို့မှာ လစာ စာရင်းများ၊ မက်ကြေးများ နှင့် အခြားသော DCSD ပေးလျော်မှု ပရိုဂရမ် အစီအစဉ်များအကြောင်း အကျဉ်းချုပ် ဖြစ်ပါသည်။

**2024-25 အတွက် ဆရာ၊ဆရာမ လစာ စာရင်း**

DCSD ၏ 2024-25 ဆရာ၊ဆရာမ လစာ စာရင်း (*ဘုတ်အဖွဲ့ ခွင့်ပြုချက်အား ရရှိရန် စောင့်ဆိုင်းလျက်ရှိ*) သည် ဤတွင်ရှိပေသည်။

**အသစ် ငှားရမ်းခန့်အပ်မှု မက်ကြေး**

အသစ်သော အရည်အချင်းရှိသူများအား ဆွဲဆောင်နိုင်စေဖို့အလို့ငှာ DCSD သည် အသစ်ငှားရမ်းခန့်အပ်ထားသူများအတွက် သိသိသာသာသော မက်ကြေးများအား ကမ်းလှမ်းပေးလျက် ရှိပါသည် -

- အသစ်ငှားရမ်း ခန့်အပ်ထားသော အချိန်ပြည့် အတန်းပိုင် ဆရာ၊ဆရာမများ၊ ဘတ်စ်ကား ဒရိုက်ဗာများ၊ စာသင်ကျောင်း အရင်းအမြစ်ဆိုင်ရာ အရာရှိများ (SRO များ)၊ လိုင်စင်မရှိသော အချိန်ပိုင်း ကျွမ်းကျင်သူများ၊ သူနာပြုများ နှင့် ရွေးချယ်ထားသော စီမံလည်ပတ်မှုပိုင်းဆိုင်ရာ ရာထူးများတို့အတွက် **$2,000** ။
- သင်္ချာနှင့်သိပ္ပံ ဘာသာရပ် နှင့် ရွေးချယ်ထားသော အထူး ပညာရေး နယ်ပယ်များအတွင်းမှ အသစ်သော အလယ်တန်း သို့မဟုတ် အထက်တန်းကျောင်း ဆရာ၊ဆရာမများအတွက် **$2,500** ။

-နောက်တစ်မျက်နှာ-

**ဝန်ထမ်းများ ထိန်းသိမ်းထားနိုင်ရေး မက်ကြေး**

ကျွန်ုပ်တို့၏ လက်ရှိ အချိန်ပြည့် ဝန်ထမ်းများအပေါ် ကျွန်ုပ်တို့၏ လေးစားတန်ဖိုးထားမှုအား ထုတ်ဖော်ပြသသည့်အနေနှင့်ဌာ DCSD သည် ဝန်ထမ်း ထိန်းသိမ်းထားနိုင်ရေး မက်ကြေး $2,000 အား ကမ်းလှမ်းပေးအပ်လျက်ရှိသည်။ အရည်အချင်းပြည့်မီသော ဝန်ထမ်းများသည် ဖွန်လ 30 ရက်၊ 2024 တွင် သို့မဟုတ် ၎င်းမတိုင်မီတွင် ဌားရမ်းခန့်အပ်ထားခံရသူများ ဖြစ်ရမည် ဖြစ်ပြီး၊ စက်တင်ဘာလ 30 ရက်၊ 2024 အထိ ခရိုင်နှင့်အတူ ဆက်လက် အလုပ်လုပ်ကြရမည် ဖြစ်သည်။ ဤတစ်ကြိမ်တည်း ပေးချေမှုသည် ၎င်းတို့၏ နစ်မြှုပ်အားထုတ်မှု နှင့် ဆက်လက် ဝန်ဆောင်မှုတို့အပေါ် ကျွန်ုပ်တို့၏ ကျေးဇူးတင်ရှိမှုအား ပြသသည့် အထိမ်းအမှတ်လက်ဆောင်တစ်ခု ဖြစ်ပေသည်။

**ထူးခြားသာလွန်သော ဝန်ဆောင်မှုအတွက် ကျေးဇူးတင်ရှိကြောင်း မက်ကြေး**

DCSD သည် ကာလကြာရှည်၍ ထူးခြားသာလွန်သော ဝန်ဆောင်မှုအား အလွန်ပင် တန်ဖိုးထားပါသည်။ မိမိတို့၏ လစာ စာရင်းအတွင်း ထိပ်ဆုံးနေရာအား အနည်းဆုံး စာချုပ်သက်တမ်း တစ်နှစ်ကြာ ရောက်ရှိခဲ့ဖူးပြီဖြစ်သော လုပ်သက် 25 နှစ် သို့မဟုတ် အထက် ဝန်ဆောင်မှုရှိသည့် အချိန်ပြည့် ဝန်ထမ်းများသည် ကျေးဇူးတင်ရှိကြောင်း မက်ကြေးဖြစ်သည့် $1,000 အား လက်ခံရရှိကြမည် ဖြစ်သည်။ ဤမက်ကြေးအား စက်တင်ဘာလ 30 ရက်၊ 2024 တွင် သို့မဟုတ် ၎င်းမတိုင်မီတွင် ဖြန့်ဝေပေးအပ်သွားမည် ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ ကျောင်းသားများ နှင့် ခရိုင်အတွက် ၎င်းတို့၏ တစိုက်မတ်မတ် နစ်မြှုပ်အားထုတ်မှုအား အသိအမှတ်ပြုခြင်း ဖြစ်သည်။

**ဝန်ထမ်း ညွှန်းဆိုမှု မက်ကြေး**

DCSD ဝန်ထမ်းများသည် သင်ကြားရေး၊ လိုင်စင်မရှိသည့် အချိန်ပိုင်း အလုပ်ကဏ္ဍများ၊ ဘတ်စ်ကား မောင်းနှင်ရေး နှင့် အခြားနောက်ထပ်သော အရေးပါသည့် နယ်ပယ်များသို့ ဝန်ထမ်းလောင်းလျာများအား ရည်ညွှန်းပေးခြင်းအားဖြင့် $300 ရရှိနိုင်မည် ဖြစ်သည်။ ဤသည်တို့မှာ ဘတ်စ်ကား ဒရိုက်ဗာ ညွှန်းဆိုပေးမှုများအတွက် နောက်ထပ်သော ဘောနပ်စ်ကြေးများ ဖြစ်သည်။ ဤကနဦးအစပြုလှုပ်ရှားမှုသည် ကျွန်ုပ်တို့၏ လက်ရှိဝန်ထမ်းများအနေနှင့် DCSD မိသားစုအတွင်းသို့ အရည်အချင်းရှိသော ကျွမ်းကျင်ပညာရှင်များ ခေါ်ဆောင်လာနိုင်စေဖို့ တိုက်တွန်းရန် ဒီဇိုင်းရေးဆွဲထားသော လှုပ်ရှားမှုဖြစ်သည်။

**ချီးမြှင့်ထိုက်သော တက်ရောက်မှုဆိုင်ရာ အသိအမှတ်ပြုမှု ပရိုဂရမ်**

ဇူလိုင် 1 ရက်၊ 2024 မှ မေလ 15 ရက်၊ 2025 ကာလအတွင်း ခွင့်ရက် ခြောက်ရက် သို့မဟုတ် ၎င်းအောက်သာ ခွင့်ယူသည့် ထူးချွန်သော ပုံမှန်တက်ရောက်မှုရှိသည့် အချိန်ပြည့်ဝန်ထမ်းများသည် $250 မက်ကြေးအား လက်ခံရရှိမည် ဖြစ်သည်။ ဤကာလအတွင်း အနည်းဆုံး နာရီပေါင်း 650 အလုပ်လုပ်ထားသော အချိန်ပိုင်း နှင့် အစားထိုး ဝန်ထမ်းများတို့သည် $150 ဖြည့်စွက်ကြေးအတွက် အရည်အချင်းပြည့်မီမည် ဖြစ်သည်။

**ဖြည့်စွက် 2% ကိုက်ညီမှု အစီအစဉ်**

DCSD သည် ဝန်ထမ်း လုပ်သက်အနားယူမှုဆိုင်ရာ စုဆောင်းမှုများအား ပံ့ပိုးထောက်ပံ့သည့်အနေနှင့်ဌာ ဖြည့်စွက် 2% ကိုက်ညီမှု အစီအစဉ်အား ကမ်းလှမ်းထောက်ပံ့ပေးထားပါသည်။ စဉ်ဆက်မပြတ် ဝန်ဆောင်မှု (TRS အတွက် ငါးနှစ် နှင့် PSERS အတွက် ၂နှစ်) နှင့်အတူ TRS သို့မဟုတ် PSERS တွင် စာရင်းသွင်းထားသော အချိန်ပြည့်ဝန်ထမ်းများသည် ခွင့်ပြုထားသော 403(b) အကောင့်များသို့ ထည့်ဝင်မှုများနှင့် ကိုက်ညီသော ဤအစီအစဉ်ထံမှ အကျိုးခံစားခွင့်များ ရရှိနိုင်မည် ဖြစ်သည်။

**ဝန်ထမ်းခန့်အပ်ရေး မက်ကြေးများ နှင့် ညွှန်းဆိုမှုဆိုင်ရာ လမ်းညွှန်ချက်များ**

ပြီးပြည့်စုံသော *DCSD ၏ အလုပ်ခန့်အပ်ရေး နှင့် ဝန်ထမ်းထိန်းသိမ်းရေးဆိုင်ရာ မက်ကြေးများ နှင့် ညွှန်းဆိုမှု လမ်းညွှန်ချက်များ* 2024-2025 စာရွက်စာတမ်းအား ဤတွင်ရရှိနိုင်ပါသည်။

**DCSD သက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများ**

လတ်တလော နောက်ဆုံးထွက်ရှိထားသော DCSD ၏ အလုပ်လစ်လပ်နေရာများ အားလုံး၏ လက်တွေ့အချိန်နှင့်တစ်ပြေးညီ စာရင်းအား ဤတွင်ကြည့်ရှုပါ။

**သတိပေးချက် - ခရိုင်တစ်ဝှမ်း အလုပ်အကိုင်ပြပွဲသည် ကြာသပတေးနေ့၊ ဖွန်လ 13 ရက်တွင် ဖြစ်သည်**

DCSD မှ အားလုံးထံသို့ သတိပေးလိုသည်မှာ *ခရိုင်တစ်ဝှမ်း အလုပ်အကိုင်ပြပွဲဖြစ်သော Color of Success* အား ကြာသပတေးနေ့၊ ဖွန်လ 13 ရက်၊ 2024 တွင် Decatur, Georgia ရှိ Columbia Middle School အလယ်တန်းကျောင်း၌ မနက် 9 နာရီမှ နေ့လည်အချိန်အထိ ကျင်းပဆောင်ရွက်သွားမည် ဖြစ်သည်။

XXX

Robert R. Freeman စီမံအုပ်ချုပ်မှု ကြန္းပလက္စ

1701 Mountain Industrial Blvd. | Stone Mountainı GA 30083

678.676.1200 | www.dekalbschoolsga.org